VERMONT
DEPARTMENT OF HEALTH

# ပြင်ပတွင်ရာသီဥတုပူသည့်အခါ ဘေးကင်းစွာနေပါ

ပြင်ပတွင် ရာသီဥတုစတင်ပူလာသည့်အခါ သင်၊ သင့်မိတ်ဆွေများနှင့်မိသားစုတို့ ဘေးကင်းနေစေရန် သင်ဆောင်ရွက်နိုင်သော အရေးကြီးသည့်အဆင့်များ ရှိပါသည်။

**ပူသည့်အခါ ကလေးများ၊ မသန်စွမ်းသူများ၊ သို့မဟုတ် အိမ်မွေးတိရစ္ဆာန်များကို ရပ်ထားသောကားထဲတွင် မည်သည့်အခါမျှ မထားခဲ့ပါနှင့်။**

## အေးအေးလေးနေပါ

- တတ်နိုင်ပါက အရိပ်ထဲ၊ လေအေးစက်ဖွင့်ထားသည့်နေရာ၊ သို့မဟုတ် မြေအောက်ခန်းများကဲ့သို့ အေးသည့်နေရာများတွင် နေပါ။
- ပေါ့ပါး၍ အရောင်နုသော ချောင်ချိသည့်အဝတ်အစားများ ဝတ်ပါ။
- ရေအေးအေးနှင့်ရေချိုးပါ။
- ပန်ကာများသုံးပါ။ သို့သော် အေးအေးလေးနေရန် တစ်ခုတည်းသောနည်းလမ်းအဖြစ် ၎င်းတို့ကို အားမထားပါနှင့်။
- လေအေးစက်ဖွင့်ထားသည့် အများပြည်သူပိုင်အဆောက်အဦများသို့ သွားပါ။

## ကိုယ်ခန္ဓာအတွင်း ရေဓာတ်ရှိအောင်နေပါ

- ခါတိုင်းထက်ရေပိုသောက်ပါ။ အထူးသဖြင့် ကိုယ်လက်လေ့ကျင့်ခန်းလုပ်စဉ် သို့မဟုတ် ပြင်ပတွင် လှုပ်လှုပ်ရှားရှားနေစဉ်ဖြစ်သည်။
- ကြိုတင်ဆောင်ရွက်ထားပါ။ ရေဆာသည်အထိစောင့်ပြီးမှ ရေမသောက်ပါနှင့်။
- အရက်ပါသည့်အဖျော်ယမကာများနှင့် ကယ်ဖင်းဓာတ်ပါသည့် အဖျော်ယမကာများ မသောက်ပါနှင့်။

## သတင်းအချက်အလက်များ သိထားပါ

- ဒေသန္တရ ရာသီဥတုနှင့် သတင်းအစီရင်ခံချက်များကို စောင့်ကြည့်လေ့လာပါ။
- vtalert.gov တွင် ရာသီဥတုသတိပေးချက်များရရှိရန် စာရင်းပေးပါ။
- ကျန်းမာရေးဌာနနှင့် ဗားမောင့်အရေးပေါ်စီမံခန့်ခွဲရေးဌာနတို့၏ ဆိုရှယ်မီဒီယာများကို ဖတ်ရှုစစ်ဆေးပါ။

## မိမိ၏ကိုယ်ခန္ဓာကို သတိပြုပါ

- ပူသည့်အခါ အေးအေးသက်သာနေပါ။
- ပြင်ပတွင်အလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လေ့ကျင့်ခန်းလုပ်ခြင်းတို့ကို လျှော့ချ၍ တစ်နေ့တာအေးသည့်အချိန်များတွင်သာ လုပ်ပါ။
- နေထိုင်မကောင်းဖြစ်သည်ဟုခံစားရပါက အကူအညီတောင်းပါ။
- သတိလစ်သလိုဖြစ်ပါက သို့မဟုတ် အားနည်းပါက လုပ်နေသည့်အရာကို ရပ်လိုက်ပါ။
- နာတာရှည်ကျန်းမာရေးအခြေအနေတစ်ရပ်ရှိပါက ပို၍သတိထားပါ။

## သူစိမ်းတစ်ဦးကဲ့သို့မနေပါနှင့်

- မိမိချစ်ခင်သူများနှင့် အိမ်နီးချင်းများကို သွားရောက်စစ်ဆေးပါ။ အထူးသဖြင့် ၎င်းတို့သည် သက်ကြီးရွယ်အိုများ သို့မဟုတ် နာတာရှည်ကျန်းမာရေးအခြေအနေရှိသူများဖြစ်လျှင် ဖြစ်သည်။
- ၎င်းတို့ရေအလုံအလောက်သောက်နေကြောင်းနှင့် အေးအေးလေးနေနေကြောင်း သေချာအောင်လုပ်ပါ။
- အပူကိုအလေးအနက်သဘောထားရန် ၎င်းတို့ကိုသတိပေးပါ။

VERMONT
DEPARTMENT OF HEALTH

# ပြင်ပတွင်ရာသီဥတုပူသည့်အခါ ဘေးကင်းစွာနေပါ

## သင့်အိမ်ကို အေးနေအောင်ထားပါ

- နေမဝင်အောင် ကန့်လန့်ကာများချထားပါ။
- နေ့ဘက်တွင် အထဲမှာထက် အပြင်တွင် ပိုပူသည့်အခါ ပြတင်းပေါက်များ ပိတ်ထားပါ။
- ညဘက်တွင် အထဲမှာထက် အပြင်တွင် ပိုအေးသည့်အခါ ပြတင်းပေါက်များ ဖွင့်ထားပါ။
- ပြင်ပမှပိုအေးသောလေကိုအတွင်းသို့မှုတ်သွင်းရန် သို့မဟုတ် အတွင်းမှပိုပူသောလေကိုမှုတ်ထုတ်ရန် ပန်ကာများသုံးပါ။
- မီးဖို၊ မီးဖုတ်ဖိုနှင့် အပူထုတ်သည့်အခြားအသုံးအဆောင်ပစ္စည်းများကို အကန့်အသတ်နှင့်သုံးပါ။

## အပူကြောင့်ဖျားနာခြင်း၏လက္ခဏာများကို သိရှိထားပါ

**အပူကြောင့်မောပန်းခြင်း**

လက္ခဏာများ

- သတိလစ်ခြင်း သို့မဟုတ် မူးဝေခြင်း
- ချွေးအလွန်အကျွံထွက်ခြင်း
- အသားအရေ အေးခြင်း၊ ဖြူလျော်ခြင်း၊ စိုထိုင်းခြင်း
- ပျို့ခြင်း သို့မဟုတ် အန်ခြင်း
- သွေးခုန်နှုန်းမြန်ခြင်း၊ အားနည်းခြင်း
- ကြွက်တက်ခြင်း

လုပ်ဆောင်ရန်-

- ရေသောက်ပါ။
- အရိပ်ရှိသည့်နေရာကိုသွားခြင်း၊ ပိုအေးအောင်လေအေးစက်ဖွင့်ထားသောနေရာသို့သွားခြင်း၊ ရေအေးဖြင့်ရေချိုးခြင်း သို့မဟုတ် ရေခဲအိတ်သုံးပေးခြင်းဖြင့် အေးအောင်ကြိုးစားပါ။
- ရေသောက်ခြင်း၊ အေးအောင်လုပ်ခြင်းတို့နောက် လက္ခဏာများပိုဆိုးလာလျှင် သို့မဟုတ် ဆက်လက်ဖြစ်နေလျှင် 9-1-1 ကိုဆက်ပါ။

**အပူလျှပ်ခြင်း**

လက္ခဏာများ

- ခေါင်းတဒုတ်ဒုတ်ကိုက်ခဲခြင်း
- ချွေးမထွက်ခြင်း
- ကိုယ်အပူချိန် ၁၀၃°F ထက်ကျော်လွန်ခြင်း
- အရေပြား နီခြင်း၊ ပူခြင်း၊ ခြောက်သွေ့ခြင်း
- ပျို့ခြင်း သို့မဟုတ် အန်ခြင်း
- သွေးခုန်နှုန်းမြန်ခြင်း၊ အားနည်းခြင်း
- သတိလစ်နိုင်သည်။ သို့မဟုတ် စိတ်ဇဝေဇဝါဖြစ်သည့် လက္ခဏာများ ရှိနိုင်သည်။

လုပ်ဆောင်ရန်-

- 9-1-1 ကို ဖုန်းဆက်ပါ။
- အကူအညီရောက်လာသည်အထိ ထိုပုဂ္ဂိုလ်ကိုအေးအေးလေးထားရန် လုပ်ဆောင်ချက်များကိုချက်ချင်း ဆောင်ရွက်ပါ။

# Stay Safe When It's Hot Outside

When it starts to get hot outside, there are important steps you can take to keep yourself and your friends and family safe.

**Never leave children, people with disabilities, or pets inside a parked vehicle when it's hot.**

## Stay Cool

- Stay in the shade, in air-conditioning if you can, or in cool places such as basements.
- Wear lightweight, light-colored, loose-fitting clothing.
- Take cool showers.
- Use fans, but don't rely on them as the only way to stay cool.

## Stay Hydrated

- Drink more water than usual, especially if you are exercising or being active outdoors.
- Be proactive, don't wait until you are thirsty to drink water.
- Don't drink alcoholic and caffeinated beverages.

## Stay Informed

- Follow local weather and news reports.
- Sign up to for weather alerts at vtalert.gov.
- Check Health Department and Vermont Emergency Management social media.

## Listen to Your Body

- Take it easy when it's hot.
- Reduce outdoor work and exercise and limit it to the cooler parts of the day.
- Ask for help if you feel sick.
- Stop what you are doing if you feel faint or weak.
- Be more cautious if you have a chronic health condition.

## Don't Be a Stranger

- Call your loved ones and neighbors to check on them, especially if they are older or have chronic health conditions.
- Make sure they are drinking enough water and staying cool.
- Remind them to take heat seriously.

## Cool Your Home

- Draw shades to keep out the sun.
- Close windows during the day when it's hotter outside than inside.
- Open windows at night when it's cooler outside than inside.
- Use fans to blow in cooler outside air or vent out warmer inside air.
- Limit use of the stove, oven and other heat-generating appliances.

# Stay Safe When It's Hot Outside

## Know the Signs and Symptoms of Heat Illness

### Heat Exhaustion

Signs and Symptoms

- Faint or dizzy
- Excessive sweating
- Cool, pale, clammy skin
- Nausea or vomiting
- Rapid, weak pulse
- Muscle cramps

What to do:

- Drink water.
- Try to cool down by getting to a shaded area, getting to a cooler, air-conditioned place, taking a cool shower, or using a cold compress.
- Call 9-1-1 if these symptoms worsen or continue after drinking water and trying to cool down.

### Heat Stroke

Signs and Symptoms

- Throbbing headache
- No sweating
- Temperature above 103°F
- Red, hot, dry skin
- Nausea or vomiting
- Rapid, weak pulse
- May lose consciousness or signs of confusion

What to do:

- Call 9-1-1.
- Take immediate action to cool the person down until help arrives.